ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ( ၇၆၀ /၂၀၂၃ )

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက် )

ပြည်ထဲရေးဝန်ကြီးဌာနသည် လောင်းကစားဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို **လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် လောင်းကစားဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ လောင်းကစားဥပဒေကို ဆိုသည်။

(ခ) **ဝရမ်း** ဆိုသည်မှာ လောင်းကစားအိမ် သို့မဟုတ် ကာစီနို(Casino)သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဥပဒေနှင့်အညီ ထုတ်ပေးသည့် ဝရမ်းကိုဆိုသည်။

(ဂ) **အစီရင်ခံစာ** ဆိုသည်မှာ လောင်းကစားဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသည့် အစီရင်ခံစာပုံစံကို ဆိုသည်။

(ဃ) **မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိ** ဆိုသည်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ ဒုတိယရဲချုပ်နှင့် ရဲချုပ်ကို ဆိုသည်။ ယင်းစကားရပ်များတွင် အဆိုပါရာထူးတာဝန်များကို ထမ်းဆောင်နေသည့် မည်သည့် ရဲအရာရှိမဆို ပါဝင်သည်။

(င) **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

## အခန်း(၂)

## အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၃။ အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

၄။ အပိုဒ် ၃ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်-

(က) ကိုယ်တိုင်ဖမ်းဆီးနိုင်သည်။

(ခ) လိုအပ်သော အကူအညီများရယူပြီး သင့်လျော်သောနည်းလမ်းဖြင့် ဖမ်းဆီးနိုင်သည်။

(ဂ) ဖမ်းဆီးရာတွင် လိုအပ်သောအင်အားကို အသုံးပြုနိုင်သည်။

၅။ (က) အပိုဒ် ၄ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည် အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူး ထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ကျန်ဖမ်းဆီးခွင့်ရှိသူများဖြစ်ပါက မိမိအား ကြီးကြပ်ကွပ်ကဲအုပ်ချုပ်သည့် အထက်အရာရှိထံသို့ လည်းကောင်း ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံ တင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) အရ အပ်နှံခြင်းကို လက်ခံရရှိသည့် ရဲစခန်းသည် ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၃)

## လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင်ဆောင်ရွက်ရန် နည်းလမ်းများ

၆။ လောင်းကစားအိမ်သို့ ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ရှိသော မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်မြေအတွင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ကိုယ်တိုင်သိရှိလျှင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးက သတင်းပေးခြင်းကြောင့် သိရှိလျှင်ဖြစ်စေ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) တွင် အောက်ပါအချက်များကို ဖော်ပြ၍ ရေးမှတ်ထားရမည်-

(က) လောင်းကစားအိမ် တည်ရာ နေရပ်လိပ်စာ၊

(ခ) လောင်းကစားအိမ်ရှင် (နေထိုင်သူ) အမည်၊

(ဂ) ရေးမှတ်သည့် နေ့ရက်နှင့် အချိန်နာရီ၊

(ဃ) သတင်းနှင့် ယုံကြည်လောက်သော အကြောင်းအချက်။

၇။ အပိုဒ် ၆ အရ ဆောင်ရွက်သူသည် သတင်းပေးသူ၏ အမည်နှင့် နေရပ်လိပ်စာကို လိုအပ်မှသာ အစီရင်ခံ တင်ပြရမည်။

၈။ အပိုဒ် ၆ အရ ရေးမှတ်သော လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) ကို လိုအပ်ပါက သက်ဆိုင်ရာတရားရုံးသို့ သက်သေခံအဖြစ် တင်သွင်းနိုင်ရန် လုံခြုံစွာထိန်းသိမ်းထားရှိရမည်။

၉။ အပိုဒ် ၆ အရ လောင်းကစားသတင်းပေးမှတ်တမ်း (ပုံစံ-င) တွင် ရေးမှတ်ပြီးနောက် ၂၄ နာရီအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမည်။ ထိုသို့ ဖမ်းဆီးရာတွင်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးဖြစ်ပါက ကိုယ်တိုင်ဦးစီး၍ ဖမ်းဆီးနိုင်သည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက ကိုယ်တိုင်ဦးစီး၍ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူး တစ်ဦးဦးအပါအဝင် အနည်းဆုံး နှစ်ဦးပါဝင်လျက် အဖွဲ့ဖြင့်ဖမ်းဆီးနိုင်သည်။ လိုအပ်ပါက ရဲတပ်ဖွဲ့ဝင် အကူအညီကို ရယူနိုင်သည်။

(ဂ) ဖမ်းဆီးရမိခြင်းမရှိပါက မိမိ၏အထက်ဌာနသို့ ဆောလျင်စွာတင်ပြရမည်။

၁၀။ အပိုဒ် ၉ အရ ဖမ်းဆီးရာတွင် ဖမ်းဆီးသူသည်-

(က) ရှာဖွေပုံစံ ပါရှိရမည်။

(ခ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။

(ဂ) လိုလောက်သည့် အင်အားကို အသုံးပြုနိုင်သည်။

(ဃ) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်ခွင့်ရှိသည်။

၁၁။ (က) အပိုဒ် ၁၀ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည်အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်ပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁) အရ အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၄)

## ဝရမ်းထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်နည်းလမ်းများ

၁၂။ ဥပဒေအရ ဝရမ်းထုတ်ပေးခွင့်ရှိသူသည် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးရန် ဝရမ်းထုတ်ပေးခြင်းမပြုမီ လောင်းကစားအိမ်နှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်သိရှိသည့် အချက်ကိုဖြစ်စေ၊ သတင်းပေးချက်ကိုဖြစ်စေ အပိုဒ် ၆ နှင့်အညီ ရေးမှတ်ပြီးနောက် အောက်ပါအချက်များပါဝင်သည့် လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း (ပုံစံ-က) ကို ထုတ်ပေးရမည်-

(က) ဝင်ရောက်ရှာဖွေဖမ်းဆီးရမည့် လောင်းကစားအိမ်တည်ရာ နေရပ်လိပ်စာနှင့် အိမ်ရှင်တို့၏ အမည်၊

(ခ) ဝရမ်း စတင်ထုတ်ပေးသည့် ရက်စွဲနှင့် ဝရမ်းသက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊

**မှတ်ချက်။** ထိုသို့ ထုတ်ပေးသည့် ဝရမ်းသက်တမ်းသည် ဝရမ်းစတင်ထုတ်ပေးသည့် နေ့မှ ၁၄ ရက်ထက်ကျော်လွန်ခြင်း မရှိစေရ။

(ဂ) ဝရမ်းထုတ်ပေးခွင့်ရှိသူ၏ လက်မှတ်နှင့် ရုံးတံဆိပ်။

၁၃။ ဝရမ်းထုတ်ပေးခွင့်ရှိသူက ဝရမ်းထုတ်ပေးရာတွင် သီးခြားမှတ်တမ်းစာအုပ်၌ ရေးသွင်းပြီး အဆိုပါမှတ်တမ်းစာအုပ်နှင့် စာရွက်စာတမ်းများကို လုံခြုံစွာထိန်းသိမ်းထားရမည်။

၁၄။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) လောင်းကစားခြင်းကို ဖမ်းဆီးရမိပါက လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

(၂) လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိပါက လောင်းကစားဝရမ်း အတည် မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)] ဖြင့် ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က) အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကိုရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၁၅။ အပိုဒ် ၁၄ အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်းအစီရင်ခံစာ (ပုံစံ-ဂ) ကို လက်ခံရရှိပါက အပိုဒ် ၁၂ အရ ဝရမ်းထုတ်ပေးသူသည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးဖြစ်လျှင် မြို့နယ်အုပ်ချုပ်ရေးမှူး ထံသို့လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်လျှင် ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး ဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ်ဖြစ်လျှင် ရဲချုပ်ထံ တင်ပြရမည်။

## အခန်း(၅)

## ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် လောင်းကစားဖမ်းဆီးရေးအဖွဲ့က ဆောင်ရွက်ရန်နည်းလမ်းများ

၁၆။ လောင်းကစားအိမ်တွင် လောင်းကစားခြင်းကို ဝင်ရောက်ရှာဖွေဖမ်းဆီးရန် ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဥပဒေအရ သက်ဆိုင်ရာဝရမ်းထုတ်ပေးခွင့်ရှိသူထံမှ ဝရမ်းရရှိမှသာ လုပ်ငန်းစတင်ဆောင်ရွက်ရမည်။

၁၇။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည်-

(က) ဝရမ်းကို လုံခြုံစွာ သိမ်းဆည်းထားရမည်။

(ခ) ဝရမ်းထုတ်ပေးထားကြောင်း သတင်းမပေါက်ကြားစေရ။

(ဂ) ဝရမ်းထုတ်ပေးသည့်နေ့မှစ၍ ဝရမ်းကို အသုံးပြုရသည့်နေ့အထိ ဆောင်ရွက်ချက်ကို နေ့စဉ်မှတ်တမ်းထားရှိရမည်။

၁၈။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင် သတ်မှတ်ထားသည့်ကာလအတွင်း၌သာ ဝရမ်း၌ ဖော်ပြထားသည့် လောင်းကစားအိမ်သို့ အချိန်မရွေး ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။

၁၉။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားအိမ်သို့ ဝင်ရောက်ရာတွင်-

(က) ဝရမ်းပါရှိရမည်။

(ခ) ရှာဖွေပုံစံ ပါရှိရမည်။

(ဂ) သက်သေ အနည်းဆုံးနှစ်ဦး ပါရှိရမည်။

(ဃ) သင့်လျော်မည့် လူအင်အားကို ခေါ်ဆောင်သွားနိုင်သည်။

(င) လောင်းကစားအိမ်အတွင်းသို့ အလွယ်တကူ ဝင်ရောက်နိုင်ခြင်းမရှိပါက မည်သည့်နည်းဖြင့်မဆို ဝင်ရောက်နိုင်ခွင့်ရှိသည်။

၂၀။ (က) အပိုဒ် ၁၉ အရ ဖမ်းဆီးသူသည်-

(၁) ဖမ်းဆီးရမိသူများ၏ အမည်စာရင်းကိုရယူပြီး သက်သေနှစ်ဦးရှေ့တွင် ရှာဖွေ၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်းပြီး ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည် အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(၂) အထက်ပါဆောင်ရွက်ချက်များကို လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီအတွင်း ဝရမ်းထုတ်ပေးသူထံ အစီရင်ခံတင်ပြရမည်။

(ခ) အပိုဒ်ခွဲ(က) အရ လောင်းကစားဖမ်းဆီးသူက အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၁။ ဝရမ်းဖြင့် တာဝန်ပေးခြင်းခံရသည့် ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစား ဖမ်းဆီးရေးအဖွဲ့သည် ဝရမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးအကြောင်း ဖော်ပြချက်ပါရှိသည့် လောင်းကစားဝရမ်းအတည်မဖြစ်ကြောင်း အစီရင်ခံစာ [ပုံစံ-ဂ(၁)] နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာ ပြန်လည်တင်ပြအပ်နှံရမည်။

## အခန်း(၆)

## လောင်းကစားခြင်းကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း ဆောင်ရွက်ရာတွင် လိုက်နာရန် နည်းလမ်းများ

၂၂။ လောင်းကစားခြင်းကို ဖမ်းဆီးသူသည်-

(က) လောင်းကစားအိမ်ရှင်ကိုဖြစ်စေ၊ လောင်းကစားအိမ်အတွင်း တွေ့ရှိသူတစ်ဦးဦးကို ဖြစ်စေ ၎င်းတွင် ဝရမ်းပါရှိကြောင်း ပြောကြားရမည်။

(ခ) လောင်းကစားသည့်နေရာတွင် တွေ့ရှိသည့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးပြီး ၎င်းတို့၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ် လိပ်စာတို့ကို ရေးမှတ်ရမည် သို့မဟုတ် ရေးမှတ်စေရမည်။

(ဂ) လောင်းကစားသည့်နေရာအား ရှာဖွေခြင်း၊ လောင်းကစားကိရိယာ၊ ငွေကြေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းနှင့် လောင်းကစားခြင်း၌ ပါဝင်သူများကို ဖမ်းဆီးခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ဖမ်းဆီးခြင်းခံရမည့်သူသည် ဖမ်းဆီးခြင်းမခံရရန် အိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ထွက်ပြေးပုန်းအောင်းနေသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် ဖမ်းဆီးသူသည် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုအတွင်းသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်သည်။ ထိုသို့ ဖမ်းဆီးနိုင်ရန် ထိုအိမ်၊ အဆောက်အအုံ၊ ကာရံထားသောနေရာ၊ ဝင်း၊ ခြံ၊ အခန်း၊ ယာဉ်တစ်ခုခုတွင် နေထိုင်သူ သို့မဟုတ် တာဝန်ရှိသူသည် ဖမ်းဆီးသူအား လိုအပ်သည့် အကူအညီများပေးရမည်။

၂၄။ ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက ဖမ်းဆီးခြင်းမခံလျှင် သို့မဟုတ် အကြမ်းဖက်ခုခံလျှင် သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းဆီးခွင့်ရှိသူ မည်သူမဆို ထိုသူကို ဖမ်းဆီးနိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

၂၅။ လောင်းကစားအိမ်တွင် လောင်းကစားကိရိယာတစ်ခုခုကို ကွယ်ဝှက်ထားကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါ လောင်းကစားအိမ်နေရာအနှံ့အပြားကို ရှာဖွေနိုင်သည်။ ထိုသို့ ရှာဖွေရာတွင် လောင်းကစားအိမ်ရှင်နှင့် သက်သေများရှေ့တွင် ရှာဖွေရမည်။ ရှာဖွေတွေ့ရှိသော လောင်းကစား ကိရိယာကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် သိမ်းဆည်း၍ ထိုရှာဖွေပုံစံတွင် သိမ်းဆည်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည့်အပြင် လောင်းကစားအိမ်ရှင်ကိုပါ လက်မှတ်ရေးထိုးစေပြီး ရှာဖွေပုံစံမိတ္တူကို လောင်းကစားအိမ်ရှင်ကတောင်းခံလျှင် ပေးရမည်။ ရှာဖွေပုံစံတွင် လောင်းကစားကိရိယာတွေ့ရှိသည့် နေရာကို တိကျစွာဖော်ပြ၍ ရေးသွင်းရမည်။

## အခန်း(၇)

## ကာစီနိုအတွင်း ဝင်ရောက်ကစားသည့် မြန်မာနိုင်ငံသားအား ဖမ်းဆီးခြင်း

၂၆။ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက်ကစားနေကြောင်း သတင်းရရှိလျှင် ကိုယ်တိုင်ဝင်ရောက် ဖမ်းဆီးနိုင်သည်။

၂၇။ မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူးအား တိုက်ရိုက် ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနိုအတွင်း မြန်မာနိုင်ငံသားတစ်ဦးဦး ဝင်ရောက် ကစားနေကြောင်း သတင်းရရှိပါက ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ဝရမ်း [ပုံစံ-က(၁)] ထုတ်ပေး၍ ထိုဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးစေနိုင်သည်။

၂၈။ (က) အပိုဒ် ၂၆ နှင့် အပိုဒ် ၂၇ အရ ဖမ်းဆီးသူသည် ခွင့်ပြုချက်ဖြင့် ဖွင့်ထားသော ကာစီနို အတွင်း ဝင်ရောက်သည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) အနည်းဆုံးသက်သေနှစ်ဦး ပါရှိရမည်။

(၂) ရှာဖွေပုံစံပါရှိရမည်။

(၃) ကာစီနို၌ တာဝန်ရှိသူတစ်ဦးဦးကို မိမိ၏အခွင့်အာဏာကို ပြောပြ၍ မည်သည့် အတွက်လာကြောင်းပြောကာ ဝင်ခွင့်တောင်းခံရမည်။

(၄) ကာစီနိုအတွင်း လောင်းကစားရန် ရောက်ရှိနေသည့် သို့မဟုတ် လောင်းကစား နေသည့် မြန်မာနိုင်ငံသားကို ဖမ်းဆီးပြီး ၎င်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဖအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာတို့ကို မေးမြန်း၍ ရေးမှတ်ရမည်။

(၅) ကာစီနို၌ ကစားရာတွင် မြန်မာနိုင်ငံသားအသုံးပြုသည့် လောင်းကစားကိရိယာ များနှင့် ငွေကြေးပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် မိမိကိုယ်တိုင် လက်မှတ် ရေးထိုးသိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံးသက်သေ ၂ ဦး အား လက်မှတ်ရေးထိုးစေရမည်။

(၆) ဖမ်းဆီးခံရသူ၏ ကိုယ်ပေါ်၌ရှာဖွေ၍ တွေ့ရှိသော လောင်းကစားကိရိယာများ၊ ငွေကြေးနှင့် ပစ္စည်းများကို ရှာဖွေပုံစံ (ပုံစံ-ခ) ဖြင့် မိမိကိုယ်တိုင် လက်မှတ် ရေးထိုး သိမ်းဆည်းပြီး သိမ်းဆည်းခြင်းခံရသူနှင့် အနည်းဆုံး သက်သေ ၂ ဦး အား လက်မှတ်ရေးထိုးစေရမည်။ ဖမ်းဆီးခံရသူသည် အမျိုးသမီးဖြစ်က အမျိုးသမီးချင်း ရှာဖွေ ရမည်။

(၇) အပိုဒ်ခွဲငယ် (၅) နှင့် (၆) အရ သိမ်းဆည်းသော ရှာဖွေပုံစံမိတ္တူကို သိမ်းဆည်းခြင်း ခံရသူက တောင်းခံလျှင် ပေးရမည်။

(၈) ဖမ်းဆီးခံရသည့်သူသည် ထွက်ပြေးတိမ်းရှောင်ရန် သို့မဟုတ် အကြမ်းဖက် ခုခံရန် အားထုတ်လျှင် ၎င်းအား ဖမ်းဆီးရမိရေးအတွက် ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

(၉) ဖမ်းဆီးရမိသူများကို ဥပဒေအရ အမှုဖွင့်အရေးယူရန် သက်သေခံပစ္စည်းများ၊ တိုင်စာနှင့်အတူ သက်ဆိုင်ရာရဲစခန်းသို့ ချက်ချင်းအပ်နှံရမည်။ သို့ရာတွင် သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းများကို ပိုင်ရှင်အား ယာယီပြန်လည် အပ်နှံခြင်းကတိခံဝန်ချုပ် (ပုံစံ-ဃ) ဖြင့် ပေးအပ်ထားနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၃) အရ ဝင်ခွင့်တောင်းသည့်အခါ ကာစီနိုတာဝန်ခံ သို့မဟုတ် တာဝန်ရှိသူက ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၉) အရ အပ်နှံခြင်းကိုလက်ခံရရှိသည့် ရဲစခန်းသည် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်၍ ဆက်လက်ဆောင်ရွက်ရမည်။

၂၉။ အပိုဒ် ၂၆ အရ ဖမ်းဆီးသူသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဖြစ်ပါက ခရိုင်အုပ်ချုပ်ရေးမှူး ထံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်ပါက ခရိုင်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း၊ စခန်းမှူးဖြစ်ပါက မြို့နယ်ရဲတပ်ဖွဲ့မှူး ထံသို့လည်းကောင်း ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ပြီး ၂၄ နာရီအတွင်း အစီရင်ခံ တင်ပြရမည်။

၃၀။ (က) ဝရမ်းနှင့်စပ်လျဉ်းပြီး တာဝန်ပေးအပ်ခြင်းခံရသူသည်-

(၁) ကာစီနိုအတွင်းဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဖမ်းဆီးရမိပါက လောင်းကစား ဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ဖြင့် ဝရမ်းထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီ အတွင်း အစီရင်ခံတင်ပြရမည်။

(၂) ဝရမ်းတွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း ကာစီနိုအတွင်း ဝင်ရောက်ကစားသူ မြန်မာနိုင်ငံသားကို ဝင်ရောက်ဖမ်းဆီးနိုင်ခြင်းမရှိလျှင် မည်သည့်အတွက် ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း အကျိုးကြောင်းဖော်ပြချက်ပါရှိသည့် လောင်းကစား ဝရမ်းအတည်မဖြစ်ကြောင်းအစီရင်ခံစာ [ပုံစံ-ဂ(၁)] နှင့်အတူ ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ ဆောလျင်စွာ ပြန်လည်တင်ပြအပ်နှံရမည်။

(ခ) အပိုဒ်ခွဲ(က) အရ ပြန်လည်တင်ပြသည့် အစီရင်ခံစာကိုရရှိလျှင် ဝရမ်းထုတ်ပေးသူသည် အမှုတွဲတွင် ပူးတွဲထားရမည်။

၃၁။ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၁) အရ လောင်းကစားဝရမ်းအတည်ဖြစ်ကြောင်း အစီရင်ခံစာ (ပုံစံ-ဂ) ကို လက်ခံရရှိပါက အပိုဒ် ၂၇ အရ ဝရမ်းထုတ်ပေးသူသည်-

(က) မြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် ခရိုင်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးထံသို့လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယနေပြည်တော်ရဲတပ်ဖွဲ့မှူး ဖြစ်လျှင် ရဲချုပ်ထံသို့လည်းကောင်း ၂၄ နာရီအတွင်း အစီရင်ခံတင်ပြရမည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဌာနကြီးမှူး (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး) သို့မဟုတ် ဒုတိယရဲချုပ် ဖြစ်လျှင် ရဲချုပ်ထံ အစီရင်ခံတင်ပြရမည်။

## အခန်း(၈)

## အထွေထွေ

၃၂။ လောင်းကစားဖမ်းဆီးသူသည် -

(က) လောင်းကစားကိရိယာများ၊ ငွေကြေးနှင့် ပစ္စည်းများ တွေ့ရှိသိမ်းဆည်းခြင်း၊ လောင်းကစားခြင်း၌ ပါဝင်သူများအား ဖမ်းဆီးခြင်းများကို အီလက်ထရောနစ်နည်းပညာတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်နိုင်သည်။

(ခ) အပိုဒ်ခွဲ(က) ပါ မှတ်တမ်းကို ယင်းအမှုအား တရားစွဲဆိုသည့်အခါ တရားရုံး၌ သက်သေခံချက်အဖြစ် တင်ပြရမည်။

၃၃။ ဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်းခံရသူကို ဥပဒေပုဒ်မ ၂၄ အရ တရားလိုပြသက်သေအဖြစ် အစစ်ခံချက်ပေးစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပူးတွဲတရားစွဲဆိုခြင်းခံရသူများအား ပြစ်မှုထင်ရှားစီရင်နိုင်စေရန်အလို့ငှာ ကိုယ်တိုင်ပါဝင်ကျူးလွန်ပြီး ပူးတွဲတရားစွဲဆိုခြင်းခံရသူများ ကျူးလွန်ကြောင်းကိုလည်း ပြည့်စုံခိုင်လုံစွာ ထွက်ဆိုချက်ပေးနိုင်စေရန် ရဲတပ်ဖွဲ့က သက်ဆိုင်ရာ ဥပဒေရုံးမှတစ်ဆင့် တရားရုံးသို့ စာဖြင့်တင်ပြရမည်။

(ခ) လောင်းကစားခြင်း၌ လောင်းကြေးလက်ခံသူ၊ လောင်းကစားဒိုင်၊ စီမံခန့်ခွဲသူ၊ လောင်းကစားအိမ်ရှင် သို့မဟုတ် လောင်းကစားဒိုင်ပြုသူကို တရားလိုပြသက်သေအဖြစ် တင်ပြခြင်း မပြုရ။

(ဂ) အပိုဒ်ခွဲ (က) အရ တင်ပြခြင်းအား အမှုကိုတရားစွဲတင်ပြီးနောက် တရားလိုပြသက်သေများ စစ်ဆေးခြင်းမပြုမီ သော်လည်းကောင်း၊ စစ်ဆေးနေဆဲ၌ သော်လည်းကောင်း တင်ပြနိုင်သည်။

၃၄။ ဥပဒေပုဒ်မ ၂၅ အရ တရားရုံးက သတင်းပေးသူအားလည်းကောင်း၊ ဖမ်းဆီးရာတွင် ပါဝင်သူတို့အားလည်းကောင်း ချီးမြှင့်သည့်ဆုငွေကို စနစ်တကျပေးအပ်နိုင်ရန် သတင်းရရှိချိန်မှစ၍ ဖမ်းဆီးရာတွင် ပါဝင်သူတို့၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အဆင့်၊ တာဝန်ထမ်းဆောင်သည့် နေရာဒေသစသည်တို့ကို ဦးဆောင်ဖမ်းဆီးသည့်ပုဂ္ဂိုလ်က မှတ်တမ်းထားရှိရမည်။

၃၅။ သတင်းပေးသူအား ဆုချီးမြှင့်ရာတွင် ၎င်း၏အမည်ကို လျှို့ဝှက်ထားရှိရမည်။ သတင်းပေးသူအား ဆုချီးမြှင့်နိုင်ရေးအတွက် သတင်းပေးအမည်အား သက်ဆိုင်ရာ တရားသူကြီးထံ လျှို့ဝှက်၍ စာဖြင့်တင်ပြရမည်။

၃၆။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ရဲစခန်းနယ်မြေအတွင်း လောင်းကစားမှုဖြင့်လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း၊ အသက်မွေးဝမ်းကြောင်းပြုနေကြောင်း ကျော်စောသတင်းရှိသူအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၉၊ ၁၁၀ အရ အရေးယူရမည်။

၃၇။ လောင်းကစားဥပဒေအရ အရေးယူခြင်းနှင့်စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

၃၈။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၈၇) အရ ထုတ်ပြန်ထားသည့် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဤလုပ်ထုံးလုပ်နည်းများဖြင့် ပယ်ဖျက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

စာအမှတ်၊ ပထရ/ ၂-၁/ ၁-၁ (၂၇၉၆)/ ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနအားလုံး

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနအားလုံး

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန - မြန်မာနိုင်ငံပြန်တမ်း အပိုင်း(၁) တွင် ထည့်သွင်း ကြေညာပေးပါရန်။

အမိန့်အရ

ခိုင်ထွန်းဦး

အမြဲတမ်းအတွင်းဝန်

ပြည်ထဲရေးဝန်ကြီးဌာန

(ပုံစံ-က)

## လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း

**ဝရမ်းအမှတ် (          /          )**

[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂ ]

(အမည်) ------------------------------------------------------------------------------------------------

ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့

ကျေးရွာအုပ်စု/ ရပ်ကွက်/ ရဲစခန်း ------------------------------------------------------------------------

မြို့နယ်/ ပြည်နယ်/ တိုင်း ------------------------------------------------------------------------------

၁။ ---------------------------------------- မြို့နယ်၊ ---------------------------------------- ရပ်ကွက်/ ကျေးရွာအုပ်စု ---------------------- အမှတ် ------------------ ရှိ ------------------------------------------ ၏ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်းကို ------------------------------------------------ အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော လောင်းကစားဖမ်းဆီးရေးအဖွဲ့၊ ----------------------------- ရဲစခန်းမှ ----------------------------------------၊ ---------- ခုနှစ်၊ --------------------------- လ၊ ---------- ရက် (-----------) အချိန်တွင် ထုတ်ပေးလိုက်သည်။

၂။ ဤဝရမ်း၏သက်တမ်းသည် --------- ခုနှစ်၊ ----------------------- လ၊ ------ ရက် (---------) အချိန် အထိ ဖြစ်သည်။

၃။ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ဖော်ပြပါ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက တာဝန်ပေးသည့် လောင်းကစားဖမ်းဆီးရေးအဖွဲ့သည် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း လုပ်ပိုင်ခွင့်များရှိသည်။

၄။ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ဝရမ်းတို့နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်းအပ်နှံရမည့်အပြင် ဝရမ်းထုတ်ပေးသူထံသို့လည်း အစီရင်ခံရမည်။

၅။ ဝရမ်းအတည်မဖြစ်လျှင် အတည်မဖြစ်ကြောင်း အစီရင်ခံစာနှင့်ဝရမ်းကို ဝရမ်းထုတ်ပေးသူထံ တင်ပြရမည်။

လက်မှတ် ------------------------------

အမည် ------------------------------

ရာထူး/တာဝန် ------------------------------

------------------------------

ရုံးတံဆိပ်

ရက်စွဲ၊          ခုနှစ်၊          လ၊          ရက်

[ပုံစံ-က(၁)]

## ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားအား ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့်ဝရမ်း

**ဝရမ်းအမှတ် (　　/　　)**

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၇ ]

(အမည်) ------------------------------------------------------------------------------------------------

ရဲအရာရှိ

ရဲစခန်း / မြို့နယ် ------------------------------------------------------------------------------------------

ခရိုင်/ ပြည်နယ်/ တိုင်း ------------------------------------------------------------------------------------

၁။ ---------------------------------- မြို့နယ်၊ ------------------------------ ရပ်ကွက်/ ကျေးရွာအုပ်စု ---------------------- အမှတ် -------------- ရှိ -------------------------------- ၏ ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားအား ဝင်ရောက်ရှာဖွေဖမ်းဆီးခွင့် ဝရမ်းကို ------------------------ -------------------------အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော ဖမ်းဆီးရေးအဖွဲ့၊ ------------------ ရဲစခန်းမှ -----------------------------------------၊ --------- ခုနှစ်၊ ---------------------- လ၊ ------- ရက် (-----------) အချိန်တွင် ထုတ်ပေးလိုက်သည်။

၂။ ဤဝရမ်း၏သက်တမ်းသည် --------- ခုနှစ်၊ ---------------------- လ၊ ------ ရက် (-----------) အချိန် အထိ ဖြစ်သည်။

၃။ ကာစီနိုအတွင်း လောင်းကစားသူ မြန်မာနိုင်ငံသားကို ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ဖော်ပြပါ ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိသည် လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်း များအရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် များအရလည်းကောင်း လုပ်ပိုင်ခွင့်များ ရှိသည်။

၄။ ကာစီနိုအတွင်း ဝင်ရောက်လောင်းကစားသည့် ရှာဖွေဖမ်းဆီးရမိသူမြန်မာနိုင်ငံသားများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ဝရမ်းတို့နှင့်အတူ သက်ဆိုင်ရာ ရဲစခန်းသို့ ချက်ချင်း အပ်နှံရမည့်အပြင် ဝရမ်းထုတ်ပေးသူထံသို့လည်း အစီရင်ခံရမည်။

၅။ ဝရမ်းအတည်မဖြစ်လျှင် အတည်မဖြစ်ကြောင်း အစီရင်ခံစာနှင့် ဝရမ်းကို ဝရမ်းထုတ်ပေး သူထံ တင်ပြရမည်။

လက်မှတ် ----------------------------------

အမည် ----------------------------------

ရုံးတံဆိပ်

ရာထူး/တာဝန် ----------------------------------

----------------------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

## ပစ္စည်းရှာစာရင်း(ရှာဖွေပုံစံ)

## ရှာဖွေရာတွင် ဖမ်းဆီးရမိသောပစ္စည်းစာရင်း

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)(၁)၊ ၁၁(က)(၁)၊ ၂၀(က)(၁)၊ ၂၅၊ ၂၈(က)(၅) နှင့် (၆) ]

| ရှာဖွေသောနေ့ရက်<br>(၁) | ရဲစခန်း<br>(၂) | ပထမသတင်းပေးတိုင်ချက်အမှတ်နှင့်ပုဒ်မ<br>(၃) | ရှာဖွေသောနေရာ<br>(၄) | လိပ်စာ<br>(၅) | နေသောသူအမည်<br>(၆) | ရှာသောသက်သေများ၏ အမည်များ၊ အလုပ်အကိုင်နေရပ်များ<br>(၇) | ရှာသောသက်သေများ၏ လက်မှတ်များ<br>(၈) | ရှာသောအရာရှိ၏ လက်မှတ်နှင့်အဆင့်<br>(၉) | ရဲစခန်းစာရင်းစာအုပ်အမှတ် ၃၂ တွင် ရေးသွင်းချက် နေ့စွဲ<br>(၁၀) |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |

### ဖမ်းဆီးရမိသော ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်း

| အမှတ်စဉ်<br>(၁) | အမျိုးအမည်နှင့် အရေအတွက်<br>(၂) | တွေ့သောနေရာမှန် အကြောင်းမျိုးစုံ<br>(၃) | ပထမတွေ့သောသူ<br>(၄) | အချက်တိုင်းတွင် သက်သေများ၏ လက်မှတ်တို<br>(၅) |
|---|---|---|---|---|
| | | | | |

(ပုံစံ-ခ)

# ဖမ်းဆီးရမိသော ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်စာရင်း

| အမှတ်စဉ် (၁) | အမျိုးအမည်နှင့် အရေအတွက် (၂) | တွေ့သောနေရာမှန် အကြောင်းမျိုးစုံ (၃) | ပထမတွေ့သောသူ (၄) | အချက်တိုင်းတွင် သက်သေများ၏ လက်မှတ်တို (၅) |
|---|---|---|---|---|
| | | | | |

(ပုံစံ - ဂ)

## လောင်းကစားဝရမ်း အတည်ဖြစ်ကြောင်း အစီရင်ခံစာ

[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄(က)(၁)၊ ၁၅၊ ၂၀(က)(၂)၊ ၃၀(က)(၁)၊ ၃၁ ]

-------------------------------------------------------

-------------------------------------------------------

-------------------------------------------------------

၁။ ------------------------ ရက်စွဲပါ လောင်းကစားဝရမ်းအမှတ် ( / ) ဖြင့် တာဝန်ပေးအပ်ချက်အရ အောက်ဖော်ပြပါ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုအတွင်း သက်သေများနှင့်အတူ ------------------------------------ (နေ့ရက်/ အချိန်)များတွင် ဝင်ရောက်ဖမ်းဆီးခဲ့ပါသည်-

(က) လောင်းကစားအိမ် သို့မဟုတ် ကာစီနို တည်ရာနေရပ်လိပ်စာ ----------------------------
------------------------------------------------------------------------------------------------

(ခ) လောင်းကစားအိမ်ရှင် သို့မဟုတ် ကာစီနို တာဝန်ခံအမည် ------------------------------
------------------------------------------------------------------------------------------------

၂။ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုတွင် အောက်ပါပုဂ္ဂိုလ်များသည် --------------------------- ------------------------------------------------ လောင်းကစားနေကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးခဲ့ပါသည်-

| အမှတ်စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | အလုပ်အကိုင်/ နေရပ်လိပ်စာ |
|---|---|---|---|---|
| (က) | | | | |
| (ခ) | | | | |
| (ဂ) | | | | |

၃။ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုမှ အောက်ပါ လောင်းကစားကိရိယာ၊ ငွေကြေးနှင့် ပစ္စည်းများကို သိမ်းဆည်း ရမိခဲ့ပါသည်-

(က)

(ခ)

(ဂ)

(ဃ)

၄။ ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများကို အမည်စာရင်း၊ ရှာဖွေ ပုံစံ၊ ဝရမ်းတို့နှင့်အတူ ------------------------ နေ့ --------- အချိန်တွင် --------------------- ရဲစခန်းသို့ ပို့အပ်ပြီး ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

လက်မှတ် --------------------------------------

အမည် --------------------------------------

ရာထူး/ တာဝန် --------------------------------------

--------------------------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**မှတ်ချက်။** လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးပြီးနောက် အစီရင်ခံစာကို ဝရမ်း ထုတ်ပေးသူထံ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ပြီး ၂၄ နာရီ အတွင်း တင်ပြရမည်။

## လောင်းကစားဝရမ်း အတည်မဖြစ်ကြောင်း အစီရင်ခံစာ

[ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄(က)(၂)၊ ၂၁၊ ၃၀(က)(၂)]

သို့

----------------------------------------

----------------------------------------

----------------------------------------

၁။ --------------------- ရက်စွဲပါ လောင်းကစားဝရမ်းအမှတ် ( / ) အရ အောက်ပါ လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ သက်သေများနှင့် --------------------------- (နေ့ရက်/ အချိန်) တို့တွင် ဝင်ရောက် ရှာဖွေဖမ်းဆီးခဲ့ပါသည်-

(က) လောင်းကစားအိမ် သို့မဟုတ် ကာစီနိုတည်ရှိရာ နေရပ်လိပ်စာ ---------------------------
----------------------------------------------------------------------------------

(ခ) လောင်းကစားအိမ်ရှင် သို့မဟုတ် ကာစီနို တာဝန်ခံအမည် ------------------------------
----------------------------------------------------------------------------------

၂။ ထုတ်ပေးထားသော လောင်းကစားဝရမ်း သက်တမ်းအတွင်း ဖော်ပြပါလောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ အောက်ပါအကြောင်းများအရ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခဲ့ခြင်း မရှိပါ-

(က)

(ခ)

(ဂ)

၃။ လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိ၍ ဝရမ်းအတည်မဖြစ်ပါသဖြင့် ထုတ်ပေးထားသော လောင်းကစားဝရမ်းကို ပြန်လည်အပ်နှံပါသည်။

လက်မှတ် ----------------------------------------

အမည် ----------------------------------------

ရာထူး/ တာဝန်----------------------------------------

----------------------------------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**မှတ်ချက်။** (၁) လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးသော်လည်း လောင်းကစားခြင်းကို ဖမ်းဆီးရမိခြင်းမရှိလျှင် အပိုဒ် ၃ အရ အစီရင်ခံရမည်။

(၂) လောင်းကစားဝရမ်းသက်တမ်းအတွင်း လောင်းကစားအိမ် သို့မဟုတ် ကာစီနိုသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ခြင်းမရှိလျှင် အပိုဒ် ၃ အရ အစီရင်ခံရမည်။

(ပုံစံ-ဃ)

## သယ်ယူရန်ခက်ခဲသော သက်သေခံပစ္စည်းကို ယာယီပြန်လည်အပ်နှံခြင်း ကတိခံဝန်ချုပ်

[လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၅(က)(၁)၊ ၁၁(က)(၁)၊ ၂၀(က)(၁)၊ ၂၈(က)(၉)]

၁။ ----------- ခုနှစ်၊ ----------------- လ၊ ------------- ရက်နေ့တွင် ------------------------------ မြို့နယ်၊ ---------------------------- ရပ်ကွက်/ ကျေးရွာ၊ --------------------------- လမ်း၊ အမှတ် -------------- နေ ကျွန်တော်/ ကျွန်မ ဦး/ ဒေါ် ------------------- (ဘ) အမည် ------------------------၊ အသက် ---------- နှစ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------- ၏ နေအိမ်သို့ လောင်းကစား သတင်း အရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် အမှုဖြင့် သိမ်းဆည်းပြီး သယ်ယူရန်ခက်ခဲသော အောက်ပါ သက်သေခံ ပစ္စည်းများကို ပိုင်ရှင်ဖြစ်သူ အမည် ---------------------------------------၊ အသက် ---------- နှစ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------- အား ယာယီပြန်လည်အပ်နှံရန် ကတိခံဝန်ချုပ် ချုပ်ဆို၍ လက်မှတ်ရေးထိုးပါသည်-

| အမှတ်စဉ် | ပစ္စည်း အမျိုးအမည် | ခန့်မှန်းတန်ဖိုး | တည်နေရာ | အသေးစိတ် အကြောင်းအရာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

၂။ အထက်ပါ သိမ်းဆည်းထားသည့်ပစ္စည်းများကို ကျွန်တော်/ ကျွန်မထံ ယာယီ ပြန်လည်အပ်နှံ ထားသည့်အချိန်အတွင်း သက်သေခံပစ္စည်းအပ်နှံသည့် အရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ယင်းပစ္စည်း များ၏ မူလပုံသဏ္ဍာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းတစ်ရပ်ရပ်ကို မပြုလုပ်ပါဟု လည်းကောင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ရည်ရွယ်၍ မူလပုံသဏ္ဍာန်ကို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်းကို မပြုလုပ်ပါဟု လည်းကောင်း ဝန်ခံကတိ ပြုပါသည်။

**(ပုံစံ-ဃ)**

၃။ အဆိုပါပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် လိုအပ်သောထိန်းသိမ်းစောင့်ရှောက်မှုကို ပြုလုပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၄။ အထက်ပါ ဝန်ခံကတိပြုချက် တစ်ရပ်ရပ်ကို ကျွန်တော်/ ကျွန်မက ဖောက်ဖျက်ပါက သို့မဟုတ် ကျွန်တော်/ ကျွန်မ၏ အားပေးကူညီချက်အရ တစ်ဦးတစ်ယောက်က ဖောက်ဖျက်ပါက လောင်းကစား ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအပိုဒ် [၂၀(က)(၁)၊ ၂၈(က)(၉)] အရ သယ်ယူရန်ခက်ခဲသော ပစ္စည်းများ ယာယီပြန်လည်ပေးအပ်ထားခြင်းကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်းနှင့် ပျက်စီးဆုံးရှုံးသည့် ပစ္စည်းအတွက် တန်ဖိုး၏ (၃) ဆကို ကိုယ်တိုင်ပေးလျော်ရမည်ဖြစ်ကြောင်းကို ဝန်ခံလက်မှတ်ရေးထိုး ပါသည်။

**လက်ခံရရှိသူ**

လက်မှတ် ------------------------------

အမည် ------------------------------

အဘအမည် ------------------------------

နိုင်ငံသားစိစစ်ရေးအမှတ်/

အမျိုးသားမှတ်ပုံတင်အမှတ် ---------------

------------------------------

အလုပ်အကိုင် ------------------------------

နေရပ်လိပ်စာ ------------------------------

------------------------------

ဤကတိခံဝန်ချုပ်ပါဝန်ခံကတိပြုချက် တစ်ရပ်ရပ်ကို လက်ခံရရှိသူက ဖောက်ဖျက်ပြီး သတ်မှတ်သည့်တန်ဖိုးကို ပေးလျော်ခြင်းမရှိလျှင် ကျွန်ုပ်တို့ အာမခံသူ ၂ ဦးက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပူးတွဲ၍ ဖြစ်စေ ပေးလျော်ရမည့်တန်ဖိုးကို အပြည့်အဝပေးလျော်ပါမည်ဟု အာမခံပါသည်။

| **အာမခံသူ (၁)** | **အာမခံသူ (၂)** |
|---|---|
| လက်မှတ် ------------------------------ | လက်မှတ် ------------------------------ |
| အမည် ------------------------------ | အမည် ------------------------------ |
| အဘအမည် ------------------------------ | အဘအမည်------------------------------ |

(ပုံစံ-ဃ)

| | |
|---|---|
| နိုင်ငံသားစိစစ်ရေးအမှတ်/ | နိုင်ငံသားစိစစ်ရေးအမှတ်/ |
| အမျိုးသားမှတ်ပုံတင်အမှတ် ------------ | အမျိုးသားမှတ်ပုံတင်အမှတ် --------- |
| -------------------------------------------- | -------------------------------------------- |
| အလုပ်အကိုင် ---------------------------- | အလုပ်အကိုင် --------------------- |
| နေရပ်လိပ်စာ ---------------------------- | နေရပ်လိပ်စာ ------------------------- |
| -------------------------------------------- | -------------------------------------------- |
| -------------------------------------------- | -------------------------------------------- |

ဤကတိခံဝန်ချုပ်ကို ကျွန်ုပ်၏ရှေ့မှောက်တွင်ချုပ်ဆိုကြောင်း လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ----------------------------------

အမည် ----------------------------------

လောင်းကစားဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင်

**မှတ်ချက်။** (၁) သိမ်းဆည်းသည့် ပစ္စည်းများအတွက် ရေးသားဖော်ပြရန် မလုံလောက်၍ သီးခြား ဖော်ပြရသော စာရွက်တိုင်းတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်း ခြင်းခံရသူ၊ လောင်းကစားဖမ်းဆီးရေး အဖွဲ့ခေါင်းဆောင်နှင့် သက်သေများက လက်မှတ် ရေးထိုးရမည်။

(၂) လောင်းကစားဖမ်းဆီးရေး အဖွဲ့ခေါင်းဆောင်သည် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပစ္စည်း သိမ်းဆည်းခြင်းပုံစံပါ အချက်အလက်များကို ဖတ်ကြားရှင်းလင်းပြရမည်။

(ပုံစံ-င)

# လောင်းကစားသတင်းပေးမှတ်တမ်း

[ လောင်းကစားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၊ ၈၊ ၉ ]

၁။ **လောင်းကစားအိမ်တည်နေရာ။**----------------------------------နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ---------------------------- ခရိုင်----------------------------မြို့နယ်--------------------------------- ရပ်ကွက်/ ကျေးရွာအုပ်စု ------------------------ လမ်း၊ အိမ်အမှတ်-----------------------------------------

၂။ **လောင်းကစားအိမ်ရှင်(နေထိုင်သူ)။** အမည်------------------------ ၊(အဘ) အမည်--------------

၃။ **ရေးမှတ်သည့်နေ့ရက်နှင့် အချိန်နာရီ။**------------------------ရက်စွဲ--------------------- အချိန်

၄။ **သတင်းနှင့် ယုံကြည်လောက်သော အကြောင်းအချက်။**-------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

--------------------------------------------------------------------------------------------------------

လောင်းကစားသတင်းရေးမှတ်သူလက်မှတ်

အမည် ------------------------------

ရာထူး/တာဝန် ------------------------------

------------------------------